# ဆီဆိုင်မြို့ တပ်သိမ်းမြေ အပေါ် မြေသိမ်းဆည်းခံ တောင်သူလယ်သမားများ၏ သတင်းစာရှင်းလင်းပွဲ

သတင်းထုတ်ပြန်ချက်

**(၂၀၂၀ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့)**

ဒေသခံတောင်သူလယ်သမားများ ဘိုးဘွားစဉ်ဆက်မှ လက်ရှိချိန်ထိ တိုင်းရင်းသားဓလေ့ထုံးတမ်းအရ အသက်မွေးဝမ်းကြောင်းအတွက် လုပ်ကိုင်စားသောက်လာသည့် ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စုနှင့် နောင်ကျောကျေးရွာအုပ်စုရှိ မြေယာများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဆီဆိုင်မြို့ရှိ ခမရ ၄၂၃၊ ၄၂၄ တပ်ရင်းများမှ မြေယာ အဓမ္မ သိမ်းဆည်းခြင်း၊ တောင်သူလယ်သမားများအား တရားစွဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်းများ၊ ကုန်ထုတ်လမ်းများကာဆီးပိတ်ပင်ခြင်း၊ တောင်သူများ၏ စိုက်ပျိုးရေးထွန်စက်များ သိမ်းယူခဲ့ခြင်း၊ တပ်သိမ်းမြေစာရင်းများပွင့်လင်းစွာချပြမှုမရှိခြင်း နှင့် တပ်ရင်းအတွက်လိုအပ်ပမာဏထက် မြေပိုမိုသိမ်းယူထားပြီး အသုံးမပြုခြင်း၊ သတ်မှတ်ကာလတွင် စီမံကိန်းအကောင်အထည်မဖော်ထားခြင်းနှင့် ဥပဒေနှင့် မညီသော မြေအငှားချစားခြင်းများ ပြုလုပ်ခြင်းအပြင် တောင်သူများစိုက်ပျိုးခွင့်မပေးပဲ တောင်သူများစိုက်ထားသည့် အပင်များကို ဖျက်ဆီးခြင်းတို့ကြောင့် တောင်သူလယ်သမားများမှ မြေဆုံးဆုံးရှုံး ခဲ့ရပြီး ပြင်းထန်သော ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲဒုက္ခများကို ကြုံတွေ့နေရသည်။ ထို့အပြင် အစိုးရ ထံမှ အကြွေးဖြင့် ချေးယူထားတော့ မျိုးစေ့များ နှင့် စိုက်ပျိုးရေးသွင်းအားစု တန်ဖိုးများအတွက် ပြန်လည်ပေးဆက်ရန် ခက်ခဲနေပြီဖြစ်ပြီး အကြွေးမြီများဖြင့် တောင်သူများမှာ ဘဝ ဆက်လက်မရပ်တည်နိုင်တော့ပါ။

လက်ရှိ Covid 19 ကပ်ရောဂါ ကာလတွင် စီးပွားရေး အကြပ်အတည်း အခြေအနေအမျိုးမျိုးများကြောင့် တောင်သူလယ်သမားများ စားဝတ်နေရေးအတွက် ခက်ခဲစွာ ရင်ဆိုင်နေရသည့် အချိန်ကာလလည်း ဖြစ်နေပေသည်။ မိမိတို့၏ တောင်ယာခြံသို့ ဂမ်းရေး အတွက် အရေးတကြီး စိုက်ပျိုးရမည့် အချိန်ကာလ လည်းဖြစ်နေသောကြောင့် စိုက်ပျိုးရေးများအတွက် မျိုးစေ့များ၊ ကြိုတင်ငွေများ သိန်းပေါင်းများစွာ အကြွေးဖြင့် ယူထားပြီးဖြစ်ပါသည်။ ထိုသို့ အကြပ်အတည်းကာလတွင် တပ်မတော်မှ မြေယာ သိမ်းဆည်းမှုများ လုပ်ဆောင်လျက် ရှိပြီး ယခင် ဘိုးဘွားစဉ်ဆက်က ဓလေ့ထုံးတမ်းအရ တောင်သူများ စိုက်ပျိုးလာသည့် မြေများအား အသိအမှတ်မပြုပဲ တပ်ပိုင်မြေဟု ပုံစံအမျိုးမျိုးဖြင့် ပုံဖော်လာခဲ့ပါသည်။

ယခင် တပ်မတော် တပ်ရင်း မရောက်ရှိခင်ကာလတွင် ဒေသခံတောင်သူများမှ ဓလေ့ထုံးတမ်းအစဉ်အလာအရ စိုက်ပျိုးရေးလုပ်ငန်း အမျိုးမျိုးအား တည်ငြိမ်အေးချမ်းစွာ လုပ်ကိုင်စားသောက်လျက် ရှိနေခဲ့ကြပါသည်။ ၁၉၉၂ ခုနှစ်တွင် လမ်းအရှေ့ဘက်တွင် ဧက ၅၀၀ ယာယီသိမ်းဆည်းခဲ့သည်။ ထို့နောက် လမ်းအနောက်ဖက်သို့ တပ်ရင်းတည်ဆောက်ပြီးသည့်အခါ လမ်းအရှေ့ဘက်မြေကိုလည်း ပြန်လည်မပေးအပ်ပဲ သိမ်းခဲ့ပြီး လမ်းနောက်ဖက်တွင် တပ်မတော်မှ ၁၉၉၆ ခုနှစ်မှ စတင်ကာ ဧက ၁၉၀၀ ကို သိမ်းဆည်းခဲ့သည်။ ယင်းသိမ်းဆည်းမြေတွင် တပ်မတော်မှ တစ်စုံတရာအသုံးပြုခြင်းမရှိပဲ တောင်သူများ ဘိုးဘွားစဉ်ဆက် စိုက်ပျိုး

လာခဲ့သည်။ သို့သော်ယခုနှစ်တွင် စိုက်ပျိုးခွင့်မပြုတော့ပဲ တရားစွဲဆိုမှု ပြုလုပ်ခဲ့သည်။ တပ်မတော် ရောက်ရှိလာပြီးသည့် နောက်ပိုင်း စစ်တပ်အတွက် လိုအပ်သော တပ်တည်ဆောက်ရေး အတွက် လူအင်အားများ ဒေသခံ လူထုများမှ ရေပို့ဆောင်ခြင်း၊ လုပ်အားပေးခြင်း၊ တပ်အတွက် အဆောက်အဦးဆောက်ပေးခြင်းများ ကူညီထောက်ပံ့ပေးခဲ့ရသည်။ စစ်တပ်ရောက်ရှိလာပြီး နောက်ပိုင်း ဒေသလူထုများအတွက် အကာအကွယ် မပြုသည့်အပြင် လူ့အခွင့်အရေး ချိုးဖောက်မှုများ အပါအဝင် ရွာများ ပြောင်းရွှေ့ခံခဲ့ရမှုများလည်း ကြုံခဲ့ရပြီးဖြစ်သည်။ တောင်သူ၏ မြေယာ သိမ်းဆည်းသည့် တပ်မတော် မလိုမရှိသလို ဆီဆိုင်မြေ မြေအစားထိုးပေးမှု ပြင်ဆင်ခြင်းသည်လည်း တိုင်းရင်းသားအချင်းချင်းကြား ညီညွတ်မှုကို ပျက်ပြားစေသည့်အပြင် သစ်တော နေရာဖြစ်ခြင်း နှင့် လက်တွေ့တောင်ယာ လုပ်ငန်းလုပ်ဆောင်ရန် မဖြစ်နိုင်သည့်အတွက် မြေအစားထိုးပေးခြင်းကို လက်ခံနိုင်မည်မဟုတ်ပါ။

တိုင်းရင်သားဒေသများတွင် မြေလွတ်၊မြေလပ်၊မြေရိုင်း မရှိသည့်အတွက် မြေလွတ်၊မြေလပ်၊မြေရိုင်းဥပဒေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် တိုင်းရင်းသားတောင်သူလယ်သမား များ၏ ဘဝကို ဖျက်ဆီးရာ ရောက်သည့်အပြင် တိုင်းရင်းသားတောင်သူများ လက်တွေ့ကျင့်သုံးနေသော ဓလေ့ထုံးတမ်းအရ မြေအသုံးချမှု စနစ်ကိုလဲ မေးမှိန်ပျက်စီးစေသည့်အတွက် အနာဂတ်တွင် တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းကို အခြေခံ၍ ဖက်ဒရယ် စနစ်ကို ဦးတည်သည့် မြေ စနစ် ပေါ်ပေါက်မှသာ ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

## <u>တောင်သူများ၏ ရင်ဖွင့်သံများ</u>

*"ကျွန်မတို့ မိသားစုမှာ လုပ်စားစရာဆိုလို့ ဒီမြေလေးပဲ ရှိတာ ဒီမြေမှ မရှိရင် ဘာမှ လုပ်စားစရာမရှိတော့ဘူး"*

*"ဒီမနက် ကျွန်မခြံထဲ သွားကြည့်တော့ စိုက်ထားတဲ့ပြောင်းပင်တွေဖျက်ဆီးခံရတဲ့ မြင်ကွင်း မြင်တာ ရင်ထဲမှာ ဆို့နစ်နေအောင်ခံစားရတယ်"*

*"ကျွန်မတို့ တောင်သူတွေကို တပ်က မတရားတဲ့ နည်းအမျိုးမျိုးနဲ့ အနိုင်ကျင့်နေတာ ကျွန်မတို့က ကျွန်မတို့ လုပ်ကိုင်စားသောက်တဲ့ မြေတွေ ပဲ ပြန်လိုချင်တယ်"*

*"ကျွန်မတို့ကိုလုပ်ကိုင်စားသောက်ဖို့ မြေပြန်မပေးဘူးဆိုရင်ကျွန်မတို့ တောင်သူတွေကိုသတ်တာနဲ့ အတူတူပဲ"*

*"ကျွန်မတို့ ဘိုးဘွားစဉ်ဆက်က ယခုချိန်ထိ လုပ်ကိုင်စားသောက်လာတဲ့ မြေကိုပဲ ပြန်တောင်းနေတာဖြစ်တယ်"*

*"ကျွန်တော်တို့ ကျွန်မတို့က နိုင်ငံရေးလုပ်နေတဲ့သူတွေလုပ်ခိုင်းလို့ ခုလိုတောင်းဆိုနေတာ မဟုတ်ဘူး မခံမရပ်နိုင်လို့ ကိုယ်ကိုကိုယ် အရဲစွန့်ပြီး ပြောနေတာဖြစ်တယ်"*

*"ကျွန်တော်တို့ တပ်မရောက်လာခင်က အေးချမ်းစွာ လုပ်ကိုင်စားသောက်လာခဲ့ကြတယ်။ တပ်ရှိပြီးနောက်ပိုင်း မလုံခြုံတော့ပဲ ဒုက္ခအမျိုးမျိုးခံနေရတယ်" "ခုတော့ အည့်သည်က အိမ်ရှင်ကို တရားစွဲပြီး မောင်းထုတ်နေတယ်"*

မြေသိမ်းဆည်းမှု နှင့် ပတ်သက်၍ အစိုးရ၊ ပါတီများထံ အသနားခံစာပေးပို့ခြင်း၊ စာပေးပို့ခြင်းများ၊ ဆွေးနွေးတိုင်ပင်ခြင်းများ နှင့် တောင်သူများဦးဆောင် ဆန္ဒပြထုတ်ဖော်မှုများ ပြုလုပ်ခဲ့သော်လည်း တပ်မတော်ဘက်မှ မြေပြန်စွန့်လွှတ်မည် မဟုတ်ကြောင်း သတင်းစာရှင်းလင်းမှု တရပ်ပြုလုပ်ခဲ့ပြီး တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်မှလည်း ထိုသိမ်းဆည်းမြေများကို ပြန်လည်စွန့်လွှတ်ရန် မရှိသောကြောင့် မြေသိမ်းဆည်းခံတောင်သူများမှ တန်ပြန်ရှင်းလင်းပွဲ နှင့် မြေသိမ်းဆည်းခံတောင်သူများ၏ အဖြစ်အပျက် အခြေအနေများကို တောင်သူများကိုယ်တိုင် ဦးဆောင်ရှင်းလင်းသတင်းထုတ်ပြန်အပ်သည်။

ကျွန်ုပ်တို့တောင်သူများ၏ အဓိက တောင်းဆိုချက်များမှာ..

(၁) သိမ်းဆည်းမြေများ ချွင်းချက်မရှိ ပြန်လည်စွန့်လွှတ်ရန်။

(၂) တောင်သူလယ်သမား တိုင်းရင်းသား ပြည်သူလူထုများ လက်တွေ့ ကျင့်သုံးနေသော ဓလေ့ထုံးတမ်း မြေယာစနစ်ကို အသိအမှတ်ပြုရန် နှင့် ပိုင်ဆိုင်ခွင့်၊ စီမံခွင့်အား လေးစားလိုက်နာရန်

(၃) အစိုးရမှ လက်ရှိမြေယာ ပြဿနာအပေါ် လယ်သမားအကျိုးစီးပွား ဦးတည်၍ တောင်သူများ၏ ပိုင်ဆိုင်ခွင့် နှင့် ဓလေ့ထုံးတမ်း အခြေခံကာ ကူညီဖြေရှင်းပေးရန်။

<u>ဆက်သွယ်ရန်</u>

(၁) ခွန်ချစ်ထွေး ( ၀၉ ၆၈၂ ၃၂၇ ၁၉၁ )

(၂) ဒေါ်ချိုချိုဂင်း ( ၀၉ ၇၉၃ ၃၅၄ ၉၂၅ )

(၂) ခွန်ကျော်ဆွေ ( ၀၉ ၇၈၈ ၉၂၀ ၄၀၃)